"Fit Brains Gain More"
BRAINWORKS
INTERNATIONAL SCHOOL

TAUNGGYI
INTERNATIONAL
SCHOOL
Be immersed in Excellence

# ကျောင်းသင်ရိုးညွှန်းတမ်းမူဝါဒ

Brainworks-Total Group of School တွင် ကျောင်းသင်ရိုးညွှန်းတမ်းဆိုသည်မှာ ကျောင်းမှပေးအပ်သော စာအုပ်စာတမ်းများ (သို့မဟုတ်) ဘာသာရပ်ဆိုင်ရာသင်ကြားမှုထက်ပိုမိုပါဝင်သည်။ အရည်အသွေးပြည့်ဝသောပညာရေးကို ပေးအပ်ရန်အတွက် ကျွန်ုပ်တို့သည် အစဥ်အမြဲအကောင်းဆုံးကြိုးစားအားထုတ်မှုများပြုလုပ်ခဲ့သည့်အတွက် ဘက်စုံဖွံ့ဖြိုးရေးကိုအခြေခံသည့် ထူးခြားကောင်းမွန်သောသင်ရိုးညွှန်းတမ်းတစ်ခုဖြစ်သည်။ ပညာရေးဆိုင်ရာသီအိုရီများနှင့် လုပ်ငန်းစဥ်များတွင် ဖြစ်ပေါ်လာသောပြောင်းလဲမှုများကို ကျွန်ုပ်တို့အနေဖြင့်လက်ခံကျင့်သုံးပြီး ထိုပြောင်းလဲမှုများက ကျွန်ုပ်တို့၏ထူးခြားသောသင်ရိုးညွှန်းတမ်းကို မည်သို့အကျိုးသက်ရောက်မှုရှိစေသည်ကို သေချာစွာအကဲဖြတ်သည်။ အနှစ်ချုပ်ဆိုရသော် Brainworks-Total Group of School သင်ရိုးညွှန်းတမ်းသည် ရိုးရာဘာသာရပ်/ သင်ယူသူ/ပြဿနာ-ဗဟိုပြုသင်ရိုးညွှန်းတမ်းများထက်ကျော်လွန်ပြီး ကမ္ဘာတစ်ဝှမ်းမှပညာရေးဆိုင်ရာအရင်းအမြစ်များ၊ နည်းလမ်းများ၊ တိုင်းတာမှုများနှင့် လုပ်ငန်းစဥ်များကို ပေါင်းစပ်ထားသောသင်ရိုးညွှန်းတမ်းဖြစ်သည်။

## ရည်ရွယ်ချက်

ကျွန်ုပ်တို့၏သင်ရိုးညွှန်းတမ်းသည် ကျောင်း၏မျိုးစုံသောရည်မှန်းချက်များကို အောင်မြင်စေရန်ရည်ရွယ်သည်။ Brainworks-Total Group of School သည် ကမ္ဘာ့နိုင်ငံသားတစ်ဦးနှင့်လျော်ညီစွာ စိတ်၊ ကိုယ်နှင့် ဝိညာဥ်တို့၏ ပူးပေါင်းဆောင်ရွက်မှုကို ဟန်ချက်ညီစေရန်ရည်ရွယ်သည်။

## ထူးခြားချက်များ

- ကျွန်ုပ်တို့၏သင်ရိုးညွှန်းတမ်းသည် ကမ္ဘာအနှံ့မှလာရောက်သင်ကြားသော အတွေ့အကြုံရှိဆရာများ၏ လုပ်ငန်းစဥ်များနှင့်ကိုက်ညီသည်။ ဆရာများအနေဖြင့် ၎င်းတို့၏မဟာဗျူဟာများနှင့် ရည်မှန်းချက်များကို အကောင်အထည်ဖော်ရန်အတွက် လိုအပ်သောအရင်းအမြစ်များရရှိစေရန် သေချာရေးစွဲထားသည်။
- ကျွန်ုပ်တို့၏စာမေးပွဲများကို Cambridge သင်ရိုးညွှန်းတမ်းအပေါ်အခြေခံထားပြီး ကမ္ဘာ့အဆင့်မီပညာရေးဆိုင်ရာအရင်းအမြစ်များကို လိုင်စင်ရယူထားကာ နှစ်စဥ်အဆင့်မြှင့်တင်ပေးသည်။ ကျွန်ုပ်တို့၏ အကဲဖြတ်မှုများကို တိကျမှန်ကန်မှုနှင့် ထိရောက်မှုရှိစေရန် အမြဲပြန်လည်သုံးသပ်သည်။
- ကျောင်း၏ တရားဝင်ဘာသာစကားဖြစ်သော အင်္ဂလိပ်ဘာသာစကားအပြင် (နိုင်ငံခြားဘာသာစကားများမှလွဲ၍) ဘာသာရပ်အားလုံးကို အင်္ဂလိပ်ဘာသာဖြင့်သင်ကြားပေးသည်)၊ ကျောင်းသားများအနေဖြင့် ဂျာမန်နှင့် တရုတ်ဘာသာစကားများကို ထပ်မံလေ့လာသင်ယူနိုင်သည်။
- ကျောင်းသည် ကျွန်ုပ်တို့နှစ်သက်စွာ နှစ်မြှုပ်နေသောယဥ်ကျေးမှုကို နက်ရှိုင်းစွာအသိအမှတ်ပြုခြင်းနှင့် တန်ဖိုးထားခြင်းကို အလေးထားသည်။ မြန်မာဘာသာစကားလေ့လာမှုသည် ကျောင်းသင်ရိုးညွှန်းတမ်း၏ အဓိကအစိတ်အပိုင်းတစ်ခုဖြစ်သည့်အပြင်၊ ကျောင်းသည် မြန်မာ့အနုပညာ၊ စာပေနှင့် အခြားယဥ်ကျေးမှုဆိုင်ရာပွဲများနှင့် အစီအစဥ်များတွင် ကျောင်းသားများကိုပါဝင်စေရန် အခွင့်အလမ်းတိုင်းကိုအသုံးချသည်။ ဤသည်မှာ ကွဲပြားမှုများကိုဂုဏ်ပြုခြင်းနှင့် အမျိုးသားရေးလက္ခဏာကို ခိုင်မာစေရန်အတွက်ဖြစ်သည်။
- Brainworks-Total Group of School သည် တစ်နှစ်ပတ်လုံး စာသင်ခန်းပြင်ပတွင် စိတ်နေစိတ်ထားနှင့် ကိုယ်ကာယကို ဖွံ့ဖြိုးစေသော ပညာရေးဆိုင်ရာလှုပ်ရှားမှုများစွာကို စီစဥ်ကျင်းပပေးသည်။

- ဉာဏ်စမ်းပဟေဠိများ၊ စကားရည်လုပွဲများ၊ ပြဇာတ်များ၊ သီချင်းဆိုခြင်း၊ စကားပြောပြိုင်ပွဲများ၊ အားကစား၊ စာလုံးပေါင်းပြိုင်ပွဲများ၊ သိပ္ပံပြပွဲများနှင့် အခြားလှုပ်ရှားမှုများစွာဖြင့် ကျောင်းသားများသည် ၎င်းတို့၏သင်ယူမှုကိုတာဝန်ယူပြီး ခေါင်းဆောင်မှုစွမ်းရည်များကို မြှင့်တင်နိုင်စေရန်စီစဉ်ပေးသည်။
- ကျွန်ုပ်တို့၏လေ့လာရေးခရီးစဉ်များ၊ လူမှုအသိုင်းအဝိုင်းဆိုင်ရာဝန်ဆောင်မှုများနှင့် လူမှုရေးစီမံကိန်းများသည် ကျောင်းသားများအား တစ်သက်တာသင်ယူမှုကိုပေါင်းထည့်ပေးသောအတွေ့အကြုံများဖြင့် စွမ်းဆောင်ရည်မြှင့်တင်ပေးရန်ရည်ရွယ်သည်။
- ကျွန်ုပ်တို့၏ကျောင်းသားများသည် သဘောတရားများကို နက်ရှိုင်းစွာနားလည်သဘောပေါက်ပြီး၊ အတွေးအခေါ်မြင့်မားခြင်း၊ ကမ္ဘာတစ်ဝှမ်းဖြစ်လေ့ဖြစ်ထရှိသော ပြဿနာအနိမ့်အမြင့်များကို ဝေဖန်ပိုင်းခြားသိမြင်ပြီး မိမိကိုယ်ကိုယုံကြည်မှုရှိပြီး စာနာစိတ်နှင့်ကရုဏာစိတ်များပြည့်ဝနေသည်။ ကျွန်ုပ်တို့၏ ပြုပြင်ပြောင်းလဲလွယ်သောသင်ရိုးညွှန်းတမ်းကြောင့်Brainworks-Total Group of School မှ ကျောင်းသားများသည် မိမိနိုင်ငံတွင်သာမက နိုင်ငံတကာတွင်ပါ စံပြလူသားများဖြစ်လာစေရန်သေချာစေသည်။